ရက်စွဲ၊ - -

သို့

--------------------

--------------------

--------------------

# ဓမ္မဒါနပြုအပ်ပါသည်။

မှ

--------------------

--------------------

--------------------

## သက္ကပဥှဝတ္ထုတွင် မြတ်စွာဘုရားက သိကြားမင်းအား ဟောကြားတော်မူခဲ့သည့် ဂါထာတော်

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏၊
တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏။
တရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏၊
တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံဆင်းရဲကို အောင်နိုင်၏။

(ခုဒ္ဒကပါဌပါဠိတော်၊ နှာ–၆၄။ ခုဒ္ဒကပါဌပါဠိတော်မြန်မာပြန်၊ နှာ–၆၀)

## အိန္ဒိယနိုင်ငံမှလာ၍ သီရိလင်္ကာနိုင်ငံတွင် အဋ္ဌကထာကျမ်းမြတ်ကြီး ကျမ်းပြုတော်မူသော အရှင်မဟာဗုဒ္ဓဃောသ၏ ဩဝါဒမြွက်ကြားချက်

''စကြဝဠာအပြည့် ထိုင်နေတော်မူသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့အား ပစ္စည်းလေးပါး ဒါယကာအဖြစ် စွန့်လှူပူဇော်ရခြင်းထက် ၄–ပါဒမျှရှိသော ဗုဒ္ဓ၏တရားတော်မြတ် တစ်ကြောင်း၊ တစ်ဂါထာ၊ တစ်ပိုဒ်ကို သင်အံ၊ ဆောင်ကျက်၊ ပို့ချ၊ ဆွေးနွေး၊ ဟောပြော၊ ဖြန့်ဝေခြင်းက ပို၍မြတ်၏''ဟု အရှင်မဟာဗုဒ္ဓဃောသသည် ''သက္ကပဥှဝတ္ထု''တွင် ဟောဆိုမိန့်ကြားတော်မူခဲ့ပါသည်။

(ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယတွဲ၊ နှာ–၃၅၂)

ဆဋ္ဌသင်္ဂီတိမဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌

မှတ်တမ်းတင်ထားသော

# အံ့ဘွယ်ရှစ်ဖြာသာသနာ

နှင့်

# မြတ်ဗုဒ္ဓ၏ ဩဝါဒ ဒေသနာတော်

သာသနာ ၂၅၆၇ ကောဇာ ၁၃၈၅ ခရစ် ၂၀၂၄

စာအုပ်တန်ဖိုး – ၁၅၀၀ ကျပ်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၌
ညွှန်ကြားရေးမှူး ဦးနိုင်အောင်မိုး
မှတ်ပုံတင်အမှတ် (၀၀၁၀၄/၀၀၂၃၀)က
ပုံနှိပ်ထုတ်ဝေသည်။

# အမှာစာ

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဘုရားရှင်ဟောကြားတော်မူခဲ့သည့် ဓမ္မဝိနယ တရားတော်များ မူလမပျက် သန့်ရှင်းစင်ကြယ်စွာ တည်တံ့ခိုင်မြဲရေးအတွက် အရှင်မဟာကဿပမထေရ် အမှူးရှိသော ရဟန္တာမထေရ်မြတ်ကြီးများသည် ဘုရားဟော ဓမ္မဝိနယတရားတော်များကို စုပေါင်းရွတ်ဆိုအတည်ပြုခြင်းတည်းဟူသော သင်္ဂါယနာတင်ခြင်းကိစ္စကို ဆောင်ရွက်တော်မူခဲ့ကြပါသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသောနှစ်ကို ၁–နှစ်အဖြစ် စတင်သတ်မှတ်ခဲ့သော သာသနာတော်နှစ် ၂၅၆၇–ခုနှစ်ရှိပြီဖြစ်သော ယနေ့အချိန်ကာလအထိ ဘုရားဟော ဓမ္မဝိနယတရားတော်များ သန့်ရှင်းစင်ကြယ်စွာ တည်တံ့ခိုင်မြဲရေးအတွက် ခေတ်အဆက်ဆက် မထေရ်မြတ်ကြီးများ ဦးဆောင်ကာ သင်္ဂါယနာ (၆)ကြိမ်တိုင်တိုင် တင်ခဲ့ပြီးဖြစ်ပါသည်။

ယင်း (၆)ကြိမ်မှာ—

၁။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာတော်နှစ် ၁–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁–ရက်နေ့တွင် အရှင်မဟာကဿပမထေရ် အမှူးပြုသော ရဟန္တာမထေရ်မြတ်ကြီး (၅၀၀)က မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့၊ သတ္တပဏ္ဏိလိုဏ်ဂူတွင် အဇာတသတ်မင်း၏ ပစ္စည်းလေးပါးအထောက်အပံ့ဖြင့် ပထမသင်္ဂါယနာကို တင်တော်မူခဲ့ကြပါသည်။

၂။ သာသနာတော်နှစ် ၁၀၀–ပြည့်တွင် ဝဇ္ဇီတိုင်းသား ရဟန်းများ၏ အရေးကိစ္စပေါ်ပေါက်လာသဖြင့် ဘုရားဟော ဓမ္မဝိနယတရားတော်များ သန့်ရှင်းစင်ကြယ်စွာ တည်တံ့ခိုင်မြဲရေးအတွက် အရှင်မဟာယသမထေရ်အမှူးပြုသော ရဟန္တာမထေရ်မြတ်ကြီး (၇၀၀)တို့က ဝေသာလီပြည်၊ ဝါလုကာရုံကျောင်းတော်တွင် ကာလာသောကမင်း၏ ပစ္စည်းလေးပါးအထောက်အပံ့ဖြင့် ဒုတိယသင်္ဂါယနာကို တင်တော်မူခဲ့ကြပါသည်။

၃။ သာသနာတော်နှစ် ၂၃၅–ခုနှစ်တွင် ရဟန်းအတုအယောင်များ သာသနာတော်အတွင်း ဝင်ရောက်လာသော အရေးကိစ္စကြောင့် ဘုရားဟော ဓမ္မဝိနယတရားတော်များ သန့်ရှင်းစင်ကြယ်စွာ တည်တံ့ခိုင်မြဲရေးအတွက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အမှူးပြုသော ရဟန္တာမထေရ်မြတ်ကြီး (၁၀၀၀)တို့က ပါဋလိပုတ်ပြည်၊ အသောကာရုံကျောင်းတော်တွင် သီရိဓမ္မာသောကမင်း၏ ပစ္စည်းလေးပါးအထောက်အပံ့ဖြင့် တတိယသင်္ဂါယနာကို တင်တော်မူခဲ့ကြပါသည်။

၄။ သာသနာတော်နှစ် ၄၅၀–ပြည့်နှစ်တွင် သီရိလင်္ကာ(သီဟိုဠ်)နိုင်ငံတွင် သူပုန်ဘေးကြီးဖြစ်ပွားပြီးနောက် မထေရ်မြတ်ကြီးများသည် ''အနာဂတ်ကာလတွင် သတိ, ပညာ ဆုတ်ယုတ်လာသဖြင့် ဘုရားဟော တရားတော်များကို နှုတ်ဖြင့် အာဂုံမဆောင်နိုင်ကြတော့လတ္တံ့.''ဟု တွေးမြင်တော်မူကြသဖြင့် ဘုရားဟော ဓမ္မဝိနယတရားတော်များ သန့်ရှင်းစင်ကြယ်စွာ တည်တံ့ခိုင်မြဲရေးအတွက် အရှင်မဟာဓမ္မရက္ခိတမထေရ် အမှူးပြုသော ရဟန္တာမထေရ်မြတ်ကြီး (၅၀၀)တို့က သီဟိုဠ်ကျွန်း၊ မလယဇနပုဒ်၊ အာလောကလိုဏ်ဂူ၌ ဝဋ္ဋဂါမဏိမင်း၏ ပစ္စည်းလေးပါးအထောက်အပံ့ဖြင့် စတုတ္ထ

သင်္ဂါယနာကို တင်တော်မူခဲ့ကြပါသည်။ ထိုစတုတ္ထသင်္ဂါယနာတွင် ဘုရားဟော တရားတော်များကို ပေထက်တွင် အက္ခရာတင်၍ ရေးသားတော်မူခဲ့ကြပါသည်။

၅။ သာသနာတော်နှစ် ၂၄၁၅–ခုနှစ်တွင် ပေထက်မှ အဆင့်ဆင့်ကူးယူရသော ပိဋကတ်တော်များ ပျက်စီးယိုယွင်းမှုများ များပြားလာသဖြင့် ဘုရားဟော ဓမ္မဝိနယတရားတော်များ သန့်ရှင်းစင်ကြယ်စွာ တည်တံ့ခိုင်မြဲရေးအတွက် အရှင်ဇာဂရမထေရ်အမှူးပြုသော သံဃာတော် (၂၄၀၀)တို့က မြန်မာနိုင်ငံ၊ ရတနာပုံနေပြည်တော်(မန္တလေး)တွင် မင်းတုန်းမင်း၏ ပစ္စည်းလေးပါးအထောက်အပံ့ဖြင့် ပဉ္စမသင်္ဂါယနာကို တင်တော်မူခဲ့ကြပါသည်။ ထိုပဉ္စမသင်္ဂါယနာတွင် ဘုရားဟော ပိဋကတ်တော်များကို နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်၍ ကျောက်ထက်တွင် အက္ခရာတင်၍ ရေးသားတော်မူခဲ့ကြပါသည်။

၆။ သာသနာတော်နှစ် ၂၄၉၈–ခုနှစ်တွင် ပိဋကတ်တော်များကို အဆင့်ဆင့် ရေးကူး၍ လာကြသဖြင့် ပုဒ်, ပါဌ်, အက္ခရာ ပျက်စီးယိုယွင်းမှု၊ မစင်ကြယ်မှုများ ရှိလာသောကြောင့် ပိဋကတ်တော်များ မူလမပျက် သန့်ရှင်းစင်ကြယ်စွာ တည်တံ့စေရေးနှင့် စင်ကြယ်သော ပိဋကတ်တော်များကို စက်တင် ပုံနှိပ်၍ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့စေခြင်းအားဖြင့် သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့စေရန် ရည်ရွယ်၍ ညောင်ရမ်းဆရာတော် ဘဒ္ဒန္တရေဝတ၊ မင်းကွန်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ အမှူးပြုသော သံဃာတော် (၂၅၀၀)နှင့် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများမှ သံဃာတော်များက မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ ဆဋ္ဌသင်္ဂီတိမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် သမ္မတကြီး ဦးဘဦး၊ ဝန်ကြီးချုပ် ဦးနု ဦးဆောင်

သော မြန်မာနိုင်ငံအစိုးရ၏ ပစ္စည်းလေးပါး အထောက်အပံ့ဖြင့် ဆဋ္ဌသင်္ဂါယနာကို တင်တော်မူခဲ့ကြပါသည်။ ထိုဆဋ္ဌသင်္ဂါယနာတွင် သန့်ရှင်းစင်ကြယ်သော ပိဋကတ်တော်များကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။

အထက်ပါ သင်္ဂါယနာတင်ခဲ့သော (၆)နေရာအနက် ဆဋ္ဌအကြိမ် သင်္ဂါယနာတင်ခဲ့သော ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ရေးသားမှတ်တမ်းထားရှိခဲ့သော ''အံ့ဘွယ်ရှစ်ဖြာ သာသနာ''နှင့် ''မြတ်ဗုဒ္ဓ၏ဩဝါဒဒေသနာတော်''အား ကူးယူဖော်ပြအပ်ပါသည်။

သာသနာရေးဦးစီးဌာန

# အံ့ဘွယ်ရှစ်ဖြာ သာသနာ

# အံ့ဘွယ်ရှစ်ဖြာသာသနာ

## ပထမအံ့ဘွယ်

အနုပုဗ္ဗသိက္ခာ သာသနာ - အစဉ်အတိုင်းနက်ရှိုင်းသည့်သိက္ခာရှိသော သာသနာ

မဟာသမုဒ္ဒရာကြီးသည် အစဉ်အတိုင်း နက်ရှိုင်းသကဲ့သို့ သီလသိက္ခာမှစ၍ အရဟတ္တဖိုလ်တိုင်အောင် အစဉ်အတိုင်း နက်ရှိုင်းသော သာသနာ။

# EIGHT WONDERS OF THE BUDDHIST DOCTRINE

## ANUPUBBASIKKHĀ SĀSANĀ.

### Graduated training of Teaching.

Just as the mighty ocean slopes away, gradually with no abruptness like a precipice even so in this Buddhist doctrine the graduated training with no abruptness will lead to deep penetration of wisdom.

# အံ့ဘွယ်ရှစ်ဖြာသာသနာ

## ဒုတိယအံ့ဘွယ်

### ဝေလာနတိက္ကမ သာသနာ - ကမ်းကိုမလွန်သော သာသနာ

မဟာသမုဒ္ဒရာကြီးသည် ကမ်းကိုမလွန်သကဲ့သို့ တပည့်သား သာဝကတို့သည် အသက်ဟူသောအကြောင်းကြောင့်လည်း မြတ်စွာဘုရား ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ကို မလွန်ကျူးရာဖြစ်သော သာသနာ။

# EIGHT WONDERS OF THE BUDDHIST DOCTRINE

## VELĀNATIKKAMA SĀSANĀ.

### The Teachings of overpassing not bounds.

Just as the ocean is fixed and does not overpass its bounds; even so, when the code of training is made known by me to my disciples, they will not transgress it, even for lifes sake.

# အံ့ဘွယ်ရှစ်ဖြာသာသနာ

## တတိယအံ့ဘွယ်

### ဒုသီလ ဥက္ခိပနသာသနာ - ဒုသီလကို ပယ်ထုတ်သော သာသနာ

မဟာသမုဒ္ဒရာကြီးသည် အကောင်ပုပ်ကို လှိုင်းဖြင့်ရိုက်ထုတ်သကဲ့သို့ သာသနာတော်၏ အမှိုက်သရိုက် အတွင်းပုပ်၊ ဒုသီလ၊ ပါပဇြစ်ခေါင် ရဟန်းအတုအယောင်တို့ကို သံဃာ့ဘောင်မှ တခဏချင်း ထုတ်ရာဖြစ်သော သာသနာ။

# EIGHT WONDERS OF THE BUDDHIST DOCTRINE

## DUSSĪLA UKKHIPANA SĀSANĀ.

### The Teachings of expelling immoral monks.

**Just as the ocean does not sort with a dead body, but will quickly just force it ashore by mean of waves, even so, this Buddhist doctrine expels quickly the immoral Bhikkhus from the Buddhist Order.**

# အံ့ဘွယ်ရှစ်ဖြာသာသနာ

## စတုတ္ထအံ့ဘွယ်

**ကေနာမသာသနာ – သာကီဝင်မင်းသား ဘုရားသားတော်ဟူ၍ အမည်တစ်မျိုးတည်းရှိသော သာသနာ**

မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာမှ လာသမျှရေအပေါင်းတို့သည် အမည်ဟောင်းကို စွန့်ပယ်၍ သမုဒ္ဒရာရေတစ်မည်သာ ရသကဲ့သို့ အမျိုးလေးပါးတို့ ရဟန်းပြုလျှင် နာမည်မျိုးနွယ်စွန့်ပစ်ပယ်၍ ကိလေသာကို ငြိမ်းစေသူ သာကီဝင်မင်းသား ဘုရား၏သားတော်ဟူသော တစ်မည်တည်းဖြင့်သာ ခေါ်ဆိုရာဖြစ်သော သာသနာ။

# EIGHT WONDERS OF THE BUDDHIST DOCTRINE

## EKANĀMA SĀSANĀ.

## The Teachings of taking single name.

Just as the great rivers entering the mighty ocean lose their former names and identities and are termed simply ocean; even so, these four castes, going forth from the world into the homeless life, into the Buddhist doctrine proclaimed by the Tathāgata, lose their former names and lineages and are reckoned simply as disciples of the Buddha.

# အံ့ဘွယ်ရှစ်ဖြာသာသနာ

## ပဌမအံ့ဘွယ်

**အနန္တနာပူရသာသနာ - ယုတ်လျော့ပြည့်လျှံခြင်းမရှိသော သာသနာ**

မိုးဃ်မရွာခြင်း၊ အလွန်ရွာခြင်းတို့ကြောင့် မဟာသမုဒ္ဒရာအား ယုတ်လျော့ခြင်း၊ လျှံခြင်းမရှိသကဲ့သို့ အနုပါဒိသေသ ပရိနိဗ္ဗာန်ဝင်စံခြင်းကြောင့် နိဗ္ဗာန်ဓာတ်အား ယုတ်ခြင်း၊ လျှံခြင်းဟူ၍မရှိသော သာသနာ။

# EIGHT WONDERS OF THE BUDDHIST DOCTRINE

## ANŪNĀPŪRA SĀSANĀ.

## The Teachings of neither-emptiness nor fullness.

**Just as all the streams that flow into the ocean, all the rains that fall from the sky, affect neither the emptiness nor the fullness of the ocean; even so, though a multitude of persons or not a single one enter into Nibbāna yet neither the emptiness nor the fullness of that Nibbāna is affected.**

# အံ့ဘွယ်ရှစ်ဖြာသာသနာ

## ဆဋ္ဌအံ့ဘွယ်

ကေရသသာသနာ - လွတ်မြောက်ခြင်းအရသာတစ်မျိုးတည်းရှိသော သာသနာ

မဟာသမုဒ္ဒရာသည် တစ်ခုတည်း ငန်သောအရသာရှိသကဲ့သို့ ဝိမုတ္တိရသ တစ်ခုတည်းရှိသော သာသနာ။

# EIGHT WONDERS OF THE BUDDHIST DOCTRINE

# EKARASA SĀSANĀ.

## The Teachings of single taste.

**Just as the ocean has but one taste, the taste of salt; even so, this Buddhist doctrine has but one flavour, the flavour of deliverance.**

# အံ့ဘွယ်ရှစ်ဖြာသာသနာ

## သတ္တမအံ့ဘွယ်

အနေက ရတနသာသနာ - ရတနာများစွာရှိသော သာသနာ

မဟာသမုဒ္ဒရာသည် ရတနာဆယ်ပါးတို့၏ တည်ရာဖြစ်သကဲ့သို့ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော ဗောဓိပက္ခိယတရားရတနာတို့၏ တည်ရာ ဖြစ်သော သာသနာ။

# EIGHT WONDERS OF THE BUDDHIST DOCTRINE

## ANEKARATANA SĀSANĀ.

## The Teachings of treasures.

Just as the ocean has ten kinds of treasures; even so, this Buddhist doctrine has many and diverse treasures, such as the four foundations of mindfulness, the four right efforts, the four bases of sychic power, the live faculties the live powers, the seven factors of Enlightenment and the Noble Eighfold path that are termed the Bodhipakkhiya - dhamma [ The 37 things pertaining to Enlightenment. ]

# အံ့ဘွယ်ရှစ်ဖြာသာသနာ

## အငွမအံ့ဘွယ်

မဟန္တဝါသ သာသနာ - ကြီးမြတ်သော ပုဂ္ဂိုလ်တို့၏ နေရာဖြစ်သော သာသနာ

မဟာသမုဒ္ဒရာသည် တိမိ–စသော ကြီးစွာသောသတ္တဝါတို့၏ နေရာဖြစ်သကဲ့သို့ သောတာပန် အစရှိသော ကြီးမြတ်သော အရိယာပုဂ္ဂိုလ်တို့၏ နေရာဖြစ်သော သာသနာ။

# EIGHT WONDERS OF THE BUDDHIST DOCTRINE
# MAHANTĀVĀSA SĀSANĀ.

## The Teachings of home for great beings.

Just as the mighty ocean is the home of vast beings the timi etc; even so, this Buddhist doctrine is the home of great beings, those who attain Enlightenment.

# မြတ်ဗုဒ္ဓ၏ ဩဝါဒ ဒေသနာတော်

သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊

သုခါ သဒ္ဓမ္မဒေသနာ။

သုခါ သံဃဿ သာမဂ္ဂီ။

သမဂ္ဂါနံ တပေါ သုခေါ။

**SUKHO BUDDHĀNAMUPPĀDO,**

**SUKHĀ SADDHAMMA DESANĀ.**

**SUKHĀ SAṂGHASSA SĀMAGGĪ,**

**SAMAGGĀNAṂ TAPO SUKHO.**

ဘုရားရှင်တို့ ပွင့်တော်မူခြင်းသည် ချမ်းသာ၏။

သူတော်ကောင်းတရားကို ကြားနာရခြင်းသည် ချမ်းသာ၏။

အယူသီလတူမျှသူတို့(သံဃာ)၏ ညီညွတ်ခြင်းသည် ချမ်းသာ၏။

ညီညွတ်သောသူတို့၏ ကောင်းစွာကျင့်ကြံခြင်းသည် ချမ်းသာ၏။

**HAPPY IS THE ARISING OF THE BUDDHA.**

**HAPPY IS THE EXPOSITION OF THE ARIYADHAMMA.**

**HAPPY IS THE HARMONY AMONGST THE SAṂGHA.**

**HAPPY IS THE PRACTICE OF THOSE IN HARMONY.**

# နှိုးဆော်ပန်ကြားလွှာ

ဤ ''အံ့ဘွယ်ရှစ်ဖြာသာသနာနှင့် မြတ်ဗုဒ္ဓ၏သြဝါဒဒေသနာတော်''စာအုပ်ကို ဆဋ္ဌသင်္ဂါယနာ၏ သမိုင်းမှတ်တမ်း အမွေအဖြစ်လည်းကောင်း၊ သာသနာတော်၏ဂုဏ်ရည်ကို သိရှိကြည်ညိုနိုင်ရန်လည်းကောင်း၊ မြတ်ဗုဒ္ဓ၏သြဝါဒများကို လိုက်နာကျင့်သုံးနိုင်ရန်လည်းကောင်း အများပြည်သူသို့ ဖြန့်ဝေ လှူဒါန်းလျက်ရှိပါသည်။

ဤစာအုပ်ကို မိမိကိုယ်တိုင် လှူဒါန်းလိုပါက လိုအပ်သော စာအုပ်အရေအတွက်ကို မှာကြားနိုင်ပါကြောင်းနှင့် မှာကြားသည့်အရေအတွက်များကို ထုတ်ဝေပေးမည် ဖြစ်ပါသည်။ ဤဝန်ကြီးဌာနမှ တစ်ဆင့် လှူဒါန်းပေးစေလိုပါကလည်း သက်ဆိုင်ရာ လှူဒါန်းသင့်သည့်နေရာများသို့ ကူညီဖြန့်ဝေလှူဒါန်းပေးသွားမည် ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုသူများရှိပါက –

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

| | |
|---|---|
| အမြဲတမ်းအတွင်းဝန် | ဖုန်း– ၀၆၇ ၃၄၀၆၅၀၆၊ ၀၆၇ ၃၄၀၈၄၄၁၊ ၀၉ ၅၁၀၆၂၇၄ |
| ဒုတိယအမြဲတမ်းအတွင်းဝန် | ဖုန်း– ၀၆၇ ၃၄၀၆၀၀၈၊ ၀၉ ၄၄၀၇၉၂၃၉၉ |

သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဤစာအုပ်ကို အလွယ်တကူ ပြန်လည်ကူးယူနိုင်ရန်အတွက်– www.mahana.org.mm, www.mora.gov.mm, www.dra.gov.mm, www.dpps.gov.mm, www.kbrl.gov.mm, ww.itbmu.org.mm, သာသနာရေးဆိုင်ရာ ဝက်ဆိုက်ခြောက်ခုတို့တွင်လည်း download ဖြင့် ကူးယူ၍ ပူဇော်ဖြန့်ဝေနိုင်ပါသည်။